# ကြည်လင်ပြတ်သားစွာလေ့လာခြင်းကောက်နုတ်ချက်များ

Message Twelve

## အသက်၏မြို့တော်အဖြစ် ယေရုရှလင်မြို့သစ်ဖြစ်လာရန် အသက်၌စိုးစံခြင်းအားဖြင့် အောင်မြင်သောအသက်တာကို အသက်ရှင်ခြင်း

ဖတ်ရန်ကျမ်း။ ။ ရော၊ ၅း၁၀၊ ၁၇၊ ၂၁။ ၁၄း၁၇-၁၈။ မာ၊ ၄း၂၆-၂၉။ လု၊ ၁၇း၂၁။ မ၊ ၂၄း၁၄

**I. စစ်မှန်သော ခရစ်ယာန်အသက်တာသည် အောင်မြင်သောသူတစ်ဦး၏အသက်တာဖြစ်ကာ၊ ဓမ္မသစ်ရှိ အောင်မြင်သောသူများအားလုံးသည် ကျေးဇူးတော်နှင့် ဖြောင့်မတ်ခြင်း၏ ဆုကျေးဇူးကို ပေါများကြွယ်ဝစွာ ရရှိလျက် အသက်၌စိုးစံသော ရှင်ဘုရင် များဖြစ်သင့်ပါသည် - ရော၊ ၅း၁၇။**

A. ဘုရားဘိသိက်ပေးထားသော ပရောဖက်များနှင့် ယဇ်ပုရောဟိတ်များအဖြစ် ကျွန်ုပ်တို့သည်လည်း ရှင်ဘုရင်များဖြစ်ကြ၍ ဘုရားသခင်အား ကိုယ်တော်၏ရန်သူများအားလုံးအပေါ် ကျွန်ုပ်တို့၌၊ ကျွန်ုပ်တို့မှတစ်ဆင့် စိုးစံစေကြသည်။ ဓမ္မသစ်ရှိ ယုံကြည်သူများသည် ဘုရားသခင်၏စီမံကိန်း၌ ရှင်ဘုရင်များ၊ ယဇ်ပုရောဟိတ်များနှင့် ပရောဖက်များ၏ ပုံဆောင်ချက် ပြီးမြောက်ပြည့်စုံခြင်း ဖြစ်သင့်ပါသည်။

1. ဓမ္မသစ်၌ ယုံကြည်သူများအားလုံးသည် ရှင်ဘုရင်များနှင့် ယဇ်ပုရောဟိတ်များဖြစ်ရန် ကယ်တင်ခံရကြသည်။ ယဇ်ပုရောဟိတ်များသည် ဘုရားသခင်အတွက် စကားပြောသောအခါ၊ သူတို့သည် ဘုရားသခင်၏စကားပြောသူများ၊ ဘုရားသခင်၏စကားပြောခွက် ဖြစ်လာကြကာ၊ ဤသူတို့သည် ပရောဖက်များဖြစ်ကြသည် - ၁ပေ၊ ၂း၅၊ ၉။ ဗျာ၊ ၁း၆။ ၂၀း၆။ ၂၂း၃-၅။ ၁ကော၊ ၁၄း၁၂၊ ၂၄-၂၅၊ ၃၁။
2. ပရောဖက်ပြုခြင်း (ခရစ်တော်ကို လူများအထဲသို့ ပြောထွက်ခြင်း) သည် ကျွန်ုပ်တို့ကို အောင်မြင်သောသူများဖြစ်စေသည်။ ပရောဖက်ပြုခြင်းသည် အောင်မြင်သောသူများ၏ လုပ်ဆောင်ချက် ဖြစ်သည် - အငယ်၊ ၄ခ။ ၁ပေ၊ ၄း၁၀-၁၁။ တ၊ ၅း၂၀ နှင့် မှတ်စု ၂။

B. ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ခရစ်ယာန်အသက်တာ၌ ရှင်ဘုရင်အဆင့်သို့ ရောက်ရှိလာခြင်း မရှိလျှင်၊ ကျွန်ုပ်တို့သည် သင့်လျော်သည့်စံနှုန်းအောက် လျော့နေဆဲဖြစ်သည်။ ကျွန်ုပ်တို့က ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ခဲ့ပါသည်ဟု ပြောနိုင်ပါသည်၊ သို့သော် ကျွန်ုပ်တို့က မည်သည့်အဆင့်အထိ၊ မည်မျှအတိုင်းအတာအထိ ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ခဲ့ကြပါသနည်း။

C. ကျွန်ုပ်တို့၏ ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်မှုသည် “တစ်လက်မအမြင့်” သာ ရှိနိုင်သည်၊ သို့သော် ခရစ်တော်သည် အကန့်အသတ်မဲ့ဖြစ်သည်။ ခရစ်တော်ကို ကျွန်ုပ်တို့

မွေ့လျော်ဝမ်းမြောက်ခြင်းသည် ရှင်ဘုရင်အရိုက်အရာအဆင့်သို့တိုင် တက်လာသင့်ပါသည်။ ကျွန်ုပ်တို့သည် ကျေးဇူးတော်က ကျွန်ုပ်တို့၌ စိုးစံသည့်အတိုင်းအတာအထိ ကျေးဇူးတော်အပေါ် ကျေးဇူးတော်ထပ်ဆင့် လက်ခံရရှိဖို့ လိုအပ်သည်၊ သို့မှသာ ကျွန်ုပ်တို့သည် ဘုရားသခင်၏ အထူးထူးအပြားပြားသော ကျေးဇူးတော်၏ ဘဏ္ဍာစိုးကောင်းများ ဖြစ်နိုင်မည်ဖြစ်သည် - ဖိ၊၃း၁၃။ ယော၊၁း၁၆။ ရော၊၅း၂၁။ ၁ပေ၊၄း၁၀။ ၒ၊၃း၂။

D. ဘုရားသခင်၏ပြည့်စုံသောကယ်တင်ခြင်းသည် ကျွန်ုပ်တို့ ခရစ်တော်၏အသက်၌ ကယ်တင်ခံရ၍၊ ကျေးဇူးတော်နှင့် ဖြောင့်မတ်ခြင်း၏ ဆုကျေးဇူး ပေါများကြွယ်ဝခြင်းအားဖြင့် ဤအသက်၌ စိုးစံခြင်း ရှိရန် ဖြစ်သည် (ရော၊၅း၁၀၊ ၁၇၊ ၂၁)။ ဖြောင့်မတ်ခြင်းဆုကျေးဇူးသည် ဘုရားသခင်၏တရားရေးဆိုင်ရာ ရွေးနုတ်ခြင်းကို လက်တွေ့ကျသောနည်းလမ်း၌ ကျွန်ုပ်တို့ထံ ယူဆောင်လျှောက်လှမ်းခြင်း ဖြစ်သည်။ ကျေးဇူးတော်သည် ကျွန်ုပ်တို့၏ ရှင်သန်သော ကယ်တင်ခြင်းအတွက် အရာအားလုံး လုံလောက်သော ထောက်ပံ့မှုအဖြစ် ဘုရားသခင်ကိုယ်တော်တိုင်ဖြစ်သည်။

**II. သမ္မာကျမ်းစာ၏ နောက်ဆုံးစာစောင် ဗျာဒိတ်ကျမ်းသည် အောင်မြင်သောသူများနှင့် စပ်လျဉ်းသည့် စာစောင်ဖြစ်သည်။ အခန်း ၂ နှင့် ၃ တွင် သခင်ဘုရားသည် ကျွန်ုပ်တို့၏ ကြီးမြတ်သောဖခင် အာဗြဟံ၏ ဝိညာဉ်ရေးရာမျိုးဆက်များအဖြစ် ကိုယ်တော်၏ ယုံကြည်သူများဖြစ်သော ကျွန်ုပ်တို့ထံ ခုနစ်ဆသော ခေါ်ခြင်းကို ပေး၍၊ ကိုယ်တော်၏ အောင်မြင်သောသူများ (၂း၇၊ ၁၁၊ ၁၇၊ ၂၆။ ၃း၅၊ ၁၂၊ ၂၁)၊ စာတန်ဆိုင်ရာ ပရမ်းပတာဖြစ်ခြင်းအားလုံးကို အောင်နိုင်၍ (ညွှန်း၊ ကော၊၁း၁၇၁၊ ၁၈၁၊ ၁၀)၊ ဘုရားဆိုင်ရာ စီမံကိန်း၌ အောင်နိုင်သောသူများ (ရော၊၈း၃၇။ ၂ကော၊၂း၁၄) ဖြစ်စေရန် ခေါ်ခြင်းဖြစ်သည်။**

A. ဘုရားသခင်၏ ရှုထောင့်မှကြည့်လျှင် လူမျိုးနွယ် အဓိကလေးမျိုးသာရှိသည်၊ ၎င်းတို့မှာ အာဒံ၏မျိုးနွယ်၊ အသွေးအသား အတိုင်း အာဗြဟံ၏မျိုးနွယ် (က၊၁၃း၁၆)၊ ဝိညာဉ်တော်အတိုင်း အာဗြဟံ၏မျိုးနွယ် (၁၅း၅။ ဂလ၊၃း၇၊ ၂၉) နှင့် အောင်မြင်သောသူများ၏ မျိုးနွယ် တို့ဖြစ်သည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ယုံကြည်ခြင်းဝိညာဉ်ကို လေ့ကျင့်ခြင်းအားဖြင့် ကျွန်ုပ်တို့ သည် အောင်မြင်သောသူများ၏ မျိုးနွယ်ဖြစ်ကြောင်း ကြွေးကြော်သင့်ပါသည် (၂ကော၊၄း၁၃)။

B. ဗျာဒိတ်ကျမ်းက အောင်မြင်သောသူများ မရှိဘဲ ခရစ်တော်သည် ပြန်ကြွလာရန် လမ်းမရှိကြောင်း ပြသထားသည်။ ကျွန်ုပ်တို့က ခရစ်တော်သည် ကျွန်ုပ်တို့၏လမ်း ဖြစ်ကြောင်း (ယော၊၁၄း၆က) သိကြသည်၊ သို့သော် ကိုယ်တော်၏စိတ်နှလုံးတော် အတွင်းနက်နဲမှု ခရစ်တော်က အောင်မြင်သောသူများအား သူတို့သည် ကိုယ်တော်၏လမ်းဖြစ်

ကြောင်း ပြောလိမ့်မည်ဖြစ်သည်။ အောင်မြင်သောသူများသည် ခရစ်တော် ပြန်ကြွလာရန်အတွက် လမ်းဖြစ်ပေသည် (ဗျာ၊၁၉း၇-၉။ ဆာ၊၄၅း၁၃-၁၄)။

C. ဘုရားသခင်သည် သင့်အား ယနေ့ အောင်မြင်သောသူဖြစ်စေရန်၊ စိုးစံမည့် အသက်ဖြစ်သည့် အသက်တာကို အသက်ရှင်စေရန် ကောင်းချီးပေးပါစေသော။ ဤတုန့်ပြန်ချက်မဲ့ကောင်းချီးမင်္ဂလာသည် ကျွန်ုပ်တို့၏မွေ့လျော်ဝမ်းမြောက်မှုအတွက် ကျွန်ုပ်တို့အထဲသို့ မိမိကိုယ်တော်တိုင်ကို ဝေငှဖြန့်ဖြူးသော သုံးပါးတစ်ပါးဘုရား၏ ထာဝရကောင်းချီးမင်္ဂလာဖြစ်သည် - တောရင်း၊ ၆း၂၂-၂၇။ ၂ကော၊၁၃း၁၄။ ဧ၊၁း၃။ ဂလ၊၃း၁၄။

**III. ကျွန်ုပ်တို့သည် သခင်ဘုရား၏အောင်မြင်သောသူများဖြစ်ရန် အသက်၌စိုးစံခြင်းအလို့ငှာ ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာ၊ ဝိညာဉ်ဆိုင်ရာ၊ ကောင်းကင်ဆိုင်ရာ၊ ရှင်ဘုရင်ဆိုင်ရာ၊ တော်ဝင်ဆိုင်ရာ အသက်ဖြင့် အသစ်မွေးဖွားခံရပြီဖြစ်ကြောင်း မြင်ရန် လိုအပ်သည်။ သခင်ဘုရားက "ထိုမှတစ်ပါး ဘုရားသခင်၏ နိုင်ငံတော်မှာ လူသည် မြေ၌ မျိုးစေ့ကြဲခြင်းနှင့် တူ၏" ဟုပြောခဲ့သည် - မာ၊၄း၂၆။ ၁ယော၊၃း၉။**

A. ဤမျိုးစေ့သည် ဘုရားဆိုင်ရာအသက်၏မျိုးစေ့ဖြစ်ပြီး (အငယ်၊၉။ ၁ပေ၊၁း၂၃)၊ ယုံကြည်သူများအထဲသို့ ပျိုးကြဲခဲ့ကာ၊ ၎င်း မှာ သခင်ဘုရား၏ဧဝံဂေလိ ရလဒ်နှင့် ပန်းတိုင်ဖြစ်သော ဘုရားသခင်၏နိုင်ငံတော်နှင့် ဤခေတ်ရှိ အသင်းတော် (ရော၊ ၁၄း၁၇) သည် အသက်၏အကြောင်းအရာဖြစ်၍၊ ဘုရားသခင်၏အသက်သည် အညှောက်ထွက်ခြင်း၊ ကြီးထွားခြင်း၊ အသီး သီးခြင်း၊ ရင့်မှည့်ခြင်းနှင့် ရိတ်သိမ်းခြင်းကို ဖြစ်ပေါ်လာစေကြောင်း ညွှန်ပြနေသည် (၁ကော၊၃း၆-၉။ ဗျာ၊၁၄း၄၊ ၁၅-၁၆)။

B. ဘုရားသခင်၏နိုင်ငံတော်သည် ခရစ်တော်ကိုယ်တော်တိုင်ဖြစ်သည် (လု၊၁၇း၂၁)။ လူသားဇာတိ၌ သုံးပါးတစ်ပါးဘုရားအဖြစ် (ကော၊၂း၉) ကိုယ်တော်သည် ဘုရားသခင်၏နိုင်ငံတော် မျိုးစေ့၊ "မျိုးစေ့ဗီဇ" ဖြစ်ကာ၊ ဘုရား၏ရွေးချယ်ခံလူများ အထဲသို့ မျိုးကြဲခြင်းဖြင့် ကိုယ်တော်သည် သူတို့၌ ကြီးထွားခြင်း၊ သူတို့၌ အသက်ရှင်ခြင်း၊ သူတို့အတွင်းမှ ဘုရားသခင် အုပ်စိုးသော နယ်ပယ်အထဲသို့ တိုးတက်လျက် ထင်ရှားခြင်း ရှိလာနိုင်မည်ဖြစ်သည် (မာ၊၄း၂၆-၂၉။ ၁ကော၊၃း၉)။

C. ဓမ္မသစ်သွန်သင်ခြင်းတစ်ခုလုံး၏ ပင်ကိုမူလဒြပ်သဘာဝမှာ သုံးပါးတစ်ပါးဘုရားသည် လူ့ဇာတိခံယူခဲ့ပြီး၊ ရွေးချယ်ခံလူများအထဲသို့ မျိုးကြဲလျက်၊ သူတို့အတွင်းမှ နိုင်ငံတော်အထဲသို့ တိုးတက်ကြီးထွားလာရန် ဖြစ်သည်။ ဘုရားသခင်၏ပန်းတိုင်သည် ဘုရားသခင်၏နိုင်ငံတော် အပြည့်အဝ တိုးတက်ကြီးထွားလာခြင်း ဖြစ်သည်။

1. ဧဝံဂေလိကျမ်းများ၌ နိုင်ငံတော်၏ မျိုးစေ့၊ မျိုးရိုးဗီဇကို မျိုးကြဲခြင်းအား တွေ့ရသည် - မာ၊၄း၃၊ ၁၄။ မ၊၉း၃၅။

2. တမန်တော်ဝတ္ထု၌ နိုင်ငံတော်၏မျိုးစေ့၊ မျိုးရိုးဗီဇကို လက်ခံရရှိသည့် ထောင်ပေါင်းများစွာသော မျိုးကြဲသူများက ဤမျိုးကြဲခြင်းကို တိုးပွားပုံ့နှံ့စေခြင်းနှင့် နှံ့ပြားစေခြင်းအား တွေ့ရသည် - ဖ၊၇။ ၁၂း၂၄။ ၁၉း၂၀။
3. ဩဝါဒစာစောင်များ၌ နိုင်ငံတော်၏မျိုးစေ့၊ မျိုးရိုးဗီဇသည် ကြီးထွားလာကြောင်း တွေ့ရသည် - ၁ကော၊၃း၆၊ ၉ခ။ ၂ပေ၊ ၁း၃၊ ၁၁။
4. ဤမျိုးစေ့ကို ရိတ်သိမ်းခြင်းမှာ အဦးသီးများရင့်မှည့်ခြင်းနှင့် ရိတ်သိမ်းခြင်းတို့ရှိသည့် ဗျာဒိတ်ကျမ်း၌ တွေ့ရသည် - ၁၄း၄၊ ၁၅-၁၆။ မာ၊၄း၂၉။ မ၊၁၃း၃၉။
5. မိလေနီနိုင်ငံတော်သည် ရှင်ဘုရင်အဖြစ် သားတော်နှင့် ကိုယ်တော်၏တွဲဖက်ရှင်ဘုရင်များ၊ "နိုင်ငံတော်မျိုးရိုးဗီဇ ရှိသောလူများ"အဖြစ် အောင်မြင်သောသူများအားလုံးနှင့်အတူ နိုင်ငံတော်၏ မျိုးစေ့၊ မျိုးရိုးဗီဇ အဆုံးစွန် တိုးတက်ကြီးထွားခြင်း ဖြစ်လိမ့်မည် - ဗျာ၊၂၀း၆။
6. ဘုရားသခင်၏ထာဝရနိုင်ငံတော်ဖြစ်သည့် ယေရုရှလင်မြို့သစ်သည် ဧဝံဂေလိကျမ်းလေးကျမ်း၌ နာဇရက်မြို့သား ယေရှုအားဖြင့် မျိုးကြဲခဲ့သည့် နိုင်ငံတော်မျိုးစေ့၊ မျိုးရိုးဗီဇ၏ အပြည့်ဝဆုံး တိုးတက်ကြီးထွားမှုဖြစ်သည် - ဗျာ၊၂၁း၂။ ၂၂း၁၊ ၃၊ ၅။ ၅း၁၀။ ၃း၁၂။ ၁၁း၁၅။ ၁၉း၆။ ၂၀း၆။ ဆာ၊၁၄၆း၁၀။
7. ကျွန်ုပ်တို့သည် နိုင်ငံတော်ဧဝံဂေလိတရားကို မြေကြီးတစ်ပြင်လုံးသို့ ဟောကြားကာ၊ ဤခေတ်ကို ပြီးမြောက်ပြည့်စုံ စေခြင်းငှာ နိုင်ငံတော်၏ မျိုးစေ့၊ မျိုးရိုးဗီဇ တိုးပွားပုံ့နှံ့ခြင်းနှင့် တိုးတက်ကြီးထွားခြင်းအတွက် သခင်ဘုရားနှင့်အတူ တစ်လုံးတစ်ဝရှိရန် လိုအပ်သည် - မ၊၂၄း၁၄။

## IV. တွေ့ကြုံခံစားမှု၌ အသက်၌စိုးစံခြင်းဟူသည်မှာ ဘုရားဆိုင်ရာအသက်၏အုပ်စိုးမှု အောက်တွင် ရှိခြင်းကို ဆိုလိုသည်။

A. ခရစ်တော်သည် ခမည်းတော်၏ ဘုရားဆိုင်ရာအသက်အုပ်စိုးမှုအောက်တွင် ရှိခြင်းအားဖြင့် အသက်၌စိုးစံခြင်းရှိသည့် စံ နမူနာဖြစ်သည် - ညွှန်း၊ ၈း၅-၁၃။
B. ပေါလုသည် သူ၏အသက်တာနှင့် အမှုတော်၌ ဘုရားဆိုင်ရာအသက်၏ အုပ်စိုးမှုအောက်တွင် ရှိသောသူတစ်ဦး၏ စံနမူနာ ဖြစ်သည် - ၂ကော၊၂း၁၂-၁၄။
C. ကျေးဇူးတော်နှင့် ဖြောင့်မတ်ခြင်း၏ ဆုကျေးဇူးကို ပေါများကြွယ်ဝစွာ လက်ခံရရှိသောယုံကြည်သူများအားလုံးသည် ဘုရားဆိုင်ရာအသက်၌ ထိန်းချုပ်ခံခြင်းနှင့် ကန့်သတ်ခံရခြင်းကို လက်တွေ့လေ့ကျင့်ရန် လိုအပ်နေသည်။ နိုင်ငံတော်အုပ်စိုး မှုအောက်ရှိ အသက်တာသည် ဖြောင့်မတ်ခြင်း၊ ငြိမ်သက်ခြင်းနှင့် သန့်ရှင်းသောဝိညာဉ်တော်၌ရှိသော ဝမ်းမြောက်ခြင်း၏ အသက်တာဖြစ်သည်။ ဤနည်းလမ်း၌ အသက်ရှင်ခြင်းမှာ ခရစ်တော်

ကို ကျွန်အဖြစ် အစေခံခြင်းဖြစ်၍၊ ထိုသို့သော အသက်တာသည် ဘုရားသခင်ထံ အားရနှစ်သက်ဖွယ်နှင့် လူတို့လက်ခံဖွယ်ရာ အသက်တာဖြစ်သည် - ရော၊၁၄း၁၇-၁၈။ ညွှန်း၊ ၁ကော၊၁၂း၃။

**V. တရားဟောရာကျမ်းက သင့်လျော်မှန်ကန်သည့် ရှင်ဘုရင်သည် ရှေ့ဦးစွာ ဘုရားသခင်၏ နှုတ်ကပတ်တော်အားဖြင့် သွန်သင် လမ်းညွှန်ခြင်း၊ အုပ်စိုးခြင်း၊ အစိုးရခြင်းနှင့် ထိန်းချုပ်ခြင်း ခံရမည်ဖြစ်ကြောင်း ဖွင့်ပြထားသည် (၁၇း၁၄-၁၅၊ ၁၈-၂၀)။ ဤမူအလေ့အလာသည် အသင်းတော်များရှိ အသက်ကြီးသူများနှင့် အသက်၌စိုးစံရန် လိုလားတောင့်တသော ကျွန်ုပ်တို့အားလုံးအဖို့ ထိုနည်းတူပင် ဖြစ်သင့်ပါသည် (၂တိ၊၃း၁၄-၁၇)။**

A. အသင်းတော်ကို စီမံခန့်ခွဲရန်၊ စီစဉ်ညွှန်ကြားခြင်းရှိရန်အလို့ငှာ အသက်ကြီးသူများသည် ဘုရားသခင်၏နှုတ်ကပတ်တော်ဖြင့် ပြန်လည်စေ့စပ်ထုံးဖွဲ့ခံရမည်ဖြစ်သည် (၁တိ၊၃း၂။ ၅း၁၇)။ ရလဒ်အနေဖြင့် သူတို့သည် ဘုရားသခင်၏ အုပ်စိုးမှုအောက်တွင်၊ ဘုရားသခင်၏ အစိုးရခြင်းနှင့် ထိန်းချုပ်ခြင်းအောက်တွင် ရှိကြလိမ့်မည်ဖြစ်သည်။

B. ထိုအခါ အလိုအလျောက်ပင် ဘုရားသခင်သည် သူတို့၏ဆုံးဖြတ်ချက်ချခြင်းများ၌ ရှိလိမ့်မည်ဖြစ်ကာ၊ အသက်ကြီးသူများသည် အသင်းတော်၏အရေးကိစ္စများကို စီစဉ်ညွှန်ကြားရန် ဘုရားသခင်ကို ကိုယ်စားပြုကြလိမ့်မည်။ ဤသို့သော စီစဉ်ညွှန်ကြားခြင်းမျိုးသည် သီအိုကရေစီ (ဘုရားဆိုင်ရာအုပ်စိုးမှုစနစ်) ဖြစ်သည်။

C. ဧဇရနှင့် နေဟမိ၏ ဦးဆောင်မှုအောက်တွင် ပြန်လာသော အစ္စရေးလူတို့သည် ဘုရားသခင်၏သက်သေခံချက်အဖြစ် လူမျိုးတော်ဖြစ်ရန် ကိုယ်တော်၏နှုတ်ကပတ်တော်မှတစ်ဆင့် ဘုရားသခင်အားဖြင့်၊ ဘုရားသခင်နှင့်အတူ စုပေါင်းခြင်းဆိုင်ရာ ပြန်လည်စေ့စပ်ထုံးဖွဲ့ခြင်း ရှိခဲ့ကြသည်။ ဘုရားသခင်၏လူများကို ပြန်လည်စေ့စပ်ထုံးဖွဲ့ခြင်းမှာ သူတို့ကို ဘုရားသခင်၏ နှုတ်ကပတ်တော်အထဲသို့ ထည့်သွင်းခြင်းအားဖြင့် သူတို့ကို ပညာသင်ပေး၍၊ ထိုသို့ဖြင့် သူတို့သည် နှုတ်ကပတ်တော်ဖြင့် ပျော်ဝင်ပြည့်ဝခြင်း ရှိနိုင်ကြမည်ဖြစ်သည် - နေ၊၈း၁-၁၈။

D. ဘုရားသခင်၏နှုတ်ကပတ်တော်သည် ဝိညာဉ်တော်နှင့် တစ်လုံးတစ်ဝတည်း ဖြစ်သည် (ယော၊၆း၆၃။ ဧ၊၆း၁၇)။ ကျွန်ုပ်တို့က ဘုရားဆိုင်ရာနှုတ်ကပတ်တော်ကို နေ့စဉ်ဖတ်ရှုခြင်းမှတစ်ဆင့် ဘုရားသခင်၏နှုတ်ကပတ်တော်သည် ကျွန်ုပ်တို့အတွင်း၌ လုပ်ဆောင်၍၊ နှုတ်ကပတ်တော်မှတစ်ဆင့် ဝိညာဉ်တော်သည် အလိုအလျောက်ပင် ကျွန်ုပ်တို့ဖြစ်ခြင်းအထဲသို့ ဘုရားသခင်၏ ဒြပ်သဘာဝနှင့်အတူ ဘုရားသခင်၏သဘောသဘာဝကို ဝေငှဖြန့်ဖြူးပြီး၊ ကျွန်ုပ်တို့ကို ဘုရားသခင်ဖြင့် စေ့စပ်ထုံးဖွဲ့ရန် ဖြစ်စေသည်။

**VI. အသက်၌စိုးစံရန်အလို့ငှာ ကျွန်ုပ်တို့သည် ဝိညာဉ်တော်၏ အုပ်စိုးခြင်းအရာအောက်၌ ရှိရန်လည်း လိုအပ်သည်။ ယောသပ်၏ အသက်တာမှတ်တမ်းသည် ဝိညာဉ်တော်၏ အုပ်စိုးခြင်းအရာကို ဖွင့်ပြခြင်းဖြစ်သည်၊ အကြောင်းမှာ ဝိညာဉ်တော်၏အုပ်စိုးမှုအရာသည် ရင့်ကျက်သောသန့်ရှင်းသူ၏ စိုးစံခြင်းသွင်ပြင်ဖြစ်သောကြောင့်ဖြစ်သည်။ ၎င်းသည် အသက်၌စိုးစံခြင်း၏ အသက်တာ၊ ဘုရားသခင့်နိုင်ငံတော်၏ စစ်မှန်ခြင်းရှိ ဘုရားဆိုင်ရာအသက်၏ ကန့်သတ်ခြင်းနှင့် ထိန်းချုပ်ခြင်းအောက်၌ရှိခြင်း ဖြစ်ပြီး ၎င်းသည် ဝိညာဉ်တော်၏ အခြားသွင်ပြင်မှန်သမျှထက် ပို၍မြင့်မားသည် - ရော၊၅း၁၇၊ ၂၁။ ၁၄း၁၇-၁၈။ ၁ကော၊၂း၁၅-၁၆။ ၂ကော၊၂း၁၃-၁၄။ ၃း၁၇-၁၈။ ၂တိ၊၄း၂၂။ ဗျာ၊၄း၁-၃။**

A. "အိပ်မက်များ၏သခင်" ယောသပ် (က၊၃၇း၁၉) သည် ဘုရားသခင်၏မြင်ကွင်းအတိုင်း အိပ်မက်မက်ခဲ့ပြီး၊ ကိုယ်တော်၏ လူများသည် အသက်နှင့်ပြည့်ဝနေသော ဂျုံကောက်လှိုင်းစည်းများနှင့် အလင်းနှင့်ပြည့်ဝနေသည့် ကောင်းကင်ဆိုင်ရာကိုယ်များဖြစ်ကြောင်း မြင်ခဲ့သည် (အငယ်၊၅-၁၁)။ ယောသပ်၏အိပ်မက်နှစ်ခုလုံးမှာ (အငယ်၊၇၊ ၉) ဘုရားသခင်ထံမှဖြစ်ပြီး၊ မြေ ကြီးပေါ်ရှိ ဘုရားသခင့်လူများ၏ သဘောသဘာဝ၊ အနေအထား၊ လုပ်ဆောင်ချက်နှင့် ပန်းတိုင်တို့နှင့်စပ်လျဉ်းသည့် ဘုရားသခင်၏ ဘုရားဆိုင်ရာမြင်ကွင်းကို သူ့ထံသို့ ဖွင့်ပြပေးခြင်း ဖြစ်သည်။

B. ယောသပ်၏အိပ်မက်များက သူ၏အသက်တာကို ထိန်းချုပ်ပေးကာ၊ သူ၏အပြုအမူကို လမ်းညွှန်ပေးသည်။ သူသည် သာလွန်ထူးမြတ်စွာနှင့် အံ့ဩဖွယ်ကောင်းစွာ ပြုမူနေထိုင်ခဲ့သည်၊ အကြောင်းမှာ သူသည် သူ၏အိပ်မက်များ၌ မြင်ခဲ့ရသည့် ရူပါရုံအားဖြင့် လမ်းညွှန်ခြင်း ခံခဲ့ရသောကြောင့်ဖြစ်သည် (ညွှန်း၊ တ၊၂၆း၁၉)။ သူ၏အစ်ကိုများသည် အမျက်ဒေါသထွက် ခြင်း (က၊၃၇း၁၈-၃၁) နှင့် သူတို့၏တပ်မက်မှုအလိုလိုက်ခြင်း (၃၈း၁၅-၁၈) ရှိခဲ့ကြသည်၊ သို့သော် ယောသပ်မှာ မိမိ၏ အမျက်ဒေါသကို ချိုးနှိမ်ကာ၊ သူ၏တပ်မက်မှုကို ကျော်လွှားအောင်နိုင်ခဲ့ပြီး (၃၉း၇-၂၃)၊ အသက်နှင့်ပြည့်ဝသော ကောက်လှိုင်းစည်းအဖြစ် ပြုမူ၍၊ မိမိကိုယ်ကို မှောင်မိုက်၌ထွန်းလင်းသော ကောင်းကင်ဆိုင်ရာကြယ်ကဲ့သို့ ပြုမူနေထိုင်ခဲ့သည်။

C. ကောင်းကင်ဆိုင်ရာရူပါရုံအောက်၌ ယောသပ်၏အသက်တာသည် မဿဲ ၅-၇ တွင် ဖော်ပြထားသည့် ကောင်းကင်များ၏နိုင်ငံတော် အသက်တာဖြစ်လေသည်။ ထိုသို့သော အသက်တာကို အသက်ရှင်ခြင်းအားဖြင့် သူသည် ရှင်ဘုရင်အဖြစ်စိုးစံရန် အပြည့်အဝ ပြင်ဆင်ခြင်းခံရသည်။ မဿဲစာစောင်ရှိ ဤအခန်းကြီးများတွင် ဖွင့်ပြထားသည့် ကောင်းကင်ဆိုင်ရာနိုင်ငံတော် ၏စီရင်ထုံးဖွဲ့မှုအရ ကျွန်ုပ်တို့၏အမျက်ဒေါသသည်

ချိုးနှိမ်ခံရမည်၊ ကျွန်ုပ်တို့၏တပ်မက်မှုသည် အောင်နိုင်ကျော်လွှားခံရမည်ဖြစ်သည် (၅း၂၁-၃၂)။

D. ရင့်ကျက်သောအသက်တာ၏ စိုးစံခြင်းသွင်ပြင်ကို ကိုယ်စားပြုသူအဖြစ် ယောသပ်သည် သခင်ဘုရား၏မျက်မှောက်တော် ကို မွေ့လျော်ဝမ်းမြောက်ခဲ့ကာ၊ ၎င်းဖြင့် သခင်ဘုရား၏ အခွင့်အာဏာ၊ ကြွယ်ဝချမ်းသာခြင်းနှင့် ကောင်းချီးမင်္ဂလာတို့ကို မွေ့လျော်ခဲ့သည် - က၊၃၉း၂-၅၊ ၂၁၊ ၂၃။ တ၊၇း၉။

E. ယောသပ်သည် သူ၏အစ်ကိုများထံ လူသားခံစားချက်များနှင့် သဘောထားများ အပြည့်ရှိခဲ့သော်လည်း၊ သူသည် မိမိကိုယ်ကို သူ၏ခံစားချက်များနှင့်အတူ ဝိညာဉ်တော်၏ အုပ်စိုးမှုအောက်တွင် ထိန်းထားခဲ့သည်။ သူသည် မိမိကိုယ်ကို ငြင်းပယ်၍ မိမိကိုယ်ကို ဘုရားသခင်၏ အုပ်စိုး ဦးဆောင်မှုအောက်တွင် အကြွင်းမဲ့ထားရှိပြီး၊ ဘုရားသခင်နှင့် ကိုယ်တော်၏လူများ အကျိုးအတွက် မိမိကိုယ်ကို အပြည့်အဝပြုမူနေထိုင်ခဲ့သည် - က၊၄၂း၉၊ ၂၄။ ၄၃း၃၀-၃၁။ ၄၅း၁-၂၊ ၂၄။

F. ယောသပ်သည် ဓမ္မသစ်၌ ဖွင့်ပြထားသည့်အရာ၏ အသက်ရှင်သော သရုပ်ဖော်ပြချက်ဖြစ်သည်။ သူသည် အတ္တကိုယ်ကျိုး၊ အတ္တမွေ့လျော်မှု၊ အတ္တခံစားမှု၊ အတ္တကိုယ်ကျိုးရည်မှန်းချက် သို့မဟုတ် အတ္တပန်းတိုင် မရှိဘဲ အတ္တကို ငြင်းပယ်သော ပုဂ္ဂိုလ်ဖြစ်ခဲ့သည်။ အရာခပ်သိမ်းမှာ ဘုရားသခင်အတွက်၊ ဘုရားသခင်၏လူများအတွက် ဖြစ်ခဲ့သည်။ ယောသပ်၏ အတ္တ ငြင်းပယ်ခြင်း၊ ဘုရားသခင်၏အုပ်စိုးမှုလက်တော်အောက်၌ ကန့်သတ်ထိန်းချုပ်ခြင်းသည် နိုင်ငံတော်အသက်တာကို လက် တွေ့လုပ်ဆောင်ရန် သော့ချက်ဖြစ်သည် - က၊၄၅း၂၄။ မ၊၁၆း၂၄။ ၂ရာ၊၁း၁၀။ ဟေရှာ၊၃၀း၁၅က။ ဖိ၊၁း၉။ ၁တိ၊၅း၁-၂။ ၁သက်၊၃း၁၂။ ၄း၉။ ၂သက်၊၁း၃။ ရော၊၁၂း၁၀။ ၁ယော၊၄း၉။ ဟေဗြဲ၊၁၃း၁။

G. ယောသပ်၏သိမှတ်နားလည်ခြင်းမှာ ဘုရားသခင်က သူ့ကို အီဂျစ်ပြည်သို့ ပို့ဆောင်ခဲ့ခြင်း ဖြစ်သည်။ ကမ္ဘာဦး ၅၀း၂၀ တွင် သူက သူ၏ညီအစ်ကိုများအား “သင်တို့သည် ကျွန်ုပ်၌ မကောင်းမှုကို ပြုမည်ဟု ကြံကြသော်လည်း၊ ဘုရားသခင်သည် ... ကောင်းကျိုးအတွက် ကြံတော်မူ၏” ဟု ပြောခဲ့သည် (၄၅း၅၊ ၇။ ၅၀း၁၉-၂၁။ ညွှန်း၊ ၄၁း၅၁-၅၂)။ ဤသည်မှာ ရောမ ၈း၂၈-၂၉ ရှိ ပေါလုစကား၏ စစ်မှန်ခြင်း ဖြစ်သည်။ ယောသပ်သည် သူ့အစ်ကိုများက သူ့အပေါ် ပြုခဲ့သမျှကို ဘုရားသခင်ထံမှ လာခြင်းအဖြစ် လက်ခံယူခဲ့ပြီး၊ သူ့ကို ပြစ်မှားခဲ့သူများကို သူက နှစ်သိမ့်သက်သာစေခဲ့သည် (က၊ ၄၅း၅-၈။ ၅၀း၁၅-၂၁)။ သူ၌ မည်မျှ ကျေးဇူးတော်၊ မည်မျှ သာလွန်ထူးမြတ်သည့် ဝိညာဉ် ရှိပါသည်တကား။

H. ကျွန်ုပ်တို့သည် "ဘုရားဆိုင်ရာ အဝေးကြည့်မှန်ပြောင်း"ကို အသုံးပြု၍ အချိန်ကာလ တစ်လျှောက်ကို ကြည့်ကာ၊ ယေရုရှလင်မြို့သစ်ကို ကြည့်ရှုရမည်ဖြစ်သည်၊ ထိုနေရာတွင် အသက်နှင့်ပြည့်ဝသော ကောက်လှိုင်းများနှင့် အလင်းနှင့်ပြည့်ဝသောကြယ်များမှလွဲ၍ အခြားမရှိပါ။ ကျွန်ုပ်တို့ အသက်၌ ရင့်ကျက်ခြင်းရှိလာလေလေ၊ သန့်ရှင်းသူများသို့မဟုတ် အသင်း တော်နှင့် စပ်လျဉ်း၍ ကျွန်ုပ်တို့က အနုတ်လက္ခဏာပြောဆိုခြင်း လျော့နည်းလေလေဖြစ်သည် - ညွှန်း၊ ၃၈း၂၇-၃၀။ မ၊၇း၁-၅။ ၁ပေ၊၃း၈-၉။

**VII. ကျွန်ုပ်တို့သည် အသက်၌စိုးစံခြင်းကို မြင်၍ ထိုပန်းတိုင်သို့ ရောက်ရှိလာရန် လိုအပ်သည်။ ကျွန်ုပ်တို့သည် အသက်၌စိုးစံခြင်း၊ ဘုရားဆိုင်ရာအသက်၏အုပ်စိုးမှုအောက်တွင် အသက်ရှင်ခြင်း ရှိသောအခါ၊ ရလဒ်မှာ အသင်းတော်အသက်တာ၌ ထင်ရှားသည့် စစ်မှန်သော၊ လက်တွေ့ကျသော ကိုယ်ခန္ဓာတော်အသက်တာ ဖြစ်သည် - ရော၊၁၂း၁-၄၊ ၉-၁၂၊ ၁၅-၁၈။ ၁၄း၁-၉။ ၁၅း၁-၁၃။**

A. ခရစ်တော်အထဲသို့ ယုံကြည်သူများအနေဖြင့် ကျွန်ုပ်တို့သည် ဘုရားသခင်၏ချစ်တော်မူသော သားတော်၏နိုင်ငံတော်အထဲ သို့လည်းကောင်း၊ ချစ်ခြင်းမေတ္တာလွှမ်းမိုးရာ အသင်းတော်အသက်တာ၌လည်းကောင်း ကူးပြောင်းပေးခြင်း ခံရပြီဖြစ်သည် (ကော၊ ၁း၁၂-၁၃)။ ကိုယ်ခန္ဓာတော်သည် မေတ္တာ၌ မိမိကိုယ်ကို တည်ဆောက်ကာ (၁ကော၊ ၈း၁။ ဧ၊၁း၄။ ၃း၁၇။ ၄း၂၊ ၁၅-၁၆။ ၅း၂)၊ ချစ်ခြင်းမေတ္တာသည် ခရစ်တော်၏ ရှင်သန်သောကိုယ်ခန္ဓာတော်ဖြစ်သည့် အသင်းတော်ကို တည်ဆောက်ရန် အတွက် မည်သည့်အရာမဆိုဖြစ်ရန်နှင့် မည်သည့်အရာကိုမဆို လုပ်ဆောင်ရန် ကျွန်ုပ်တို့အဖို့ သာလွန်အထူးမြတ်ဆုံးနည်း လမ်းဖြစ်သည် (၁ကော၊၁၂း၃၁ခ။ ၁၃း၄-၈က)။

B. ကျွန်ုပ်တို့သည် ခရစ်တော်ကို ချစ်ခြင်းမေတ္တာအဖြစ် မရရှိထားလျှင်၊ ကျွန်ုပ်တို့၏ စကားပြောခြင်းသည် အသက်မပါဘဲ အသံသာမြည်တတ်သည့် "အသံမြည်သော တံပိုးခရာ" နှင့် "တီးသံကိုသာ ပေးတတ်သော လင်းကွင်း" ကဲ့သို့သာ ဖြစ်သည် - အငယ်၊၁။

C. အသင်းတော်အသက်တာသည် ရဲစခန်းမဟုတ်သလို၊တရားရုံးလည်းမဟုတ်ဘဲ၊ ဝိညာဉ်ရေးရာသားသမီးများကို ပျိုးထောင်ရာ ချစ်ခြင်းမေတ္တာအိမ်၊ ဖျားနာသူများကို ကုသ၍ ကျန်းမာစေရန် ဆေးရုံနှင့် အခြားသူများကို မေတ္တာ၌ သွန်သင်ပေးရာ ကျောင်း ဖြစ်သည် - မ၊၉း၁၂။ ၂ကော၊၁၁း၂၉က။ ယော၊၈း၇၊ ၁၀-၁၁။ ၁ကော၊၉း၂၂။ လု၊၁၅း၁-၇။

**VIII. ကျွန်ုပ်တို့သည် အသက်၌စိုးစံခြင်းရှိသောအခါ ကိန်းဝပ်နေသော ခရစ်တော်အား ကျေးဇူးတော်အဖြစ် ကျွန်ုပ်တို့အတွင်း၌ "ထာဝရအသက်တိုင်အောင်" စိုးစံစေခြင်းငှာ အခွင့်ပေးကြခြင်းဖြစ်သည်။ ဤအရာသည် အသက်၌စိုးစံခြင်း၏ ပြီးမြောက် ပြည့်စုံခြင်းဖြစ်သည် - ဟေဗြဲ၊၄း၁၆။ ရော၊၅း၁၇၊ ၂၁။**

## ကြည့်လင်ပြတ်သားစွာလေ့လာခြင်းကောက်နုတ်ချက်များ

A. ယောၵ၄း၁၄ခ တွင် "ငါပေးသောရေသည် ထိုသူ၌ ထာဝရအသက်အထဲသို့ ထွက်သော စမ်းရေတွင်း ဖြစ်လိမ့်မည်" ဟုပြော ထားသည်။

B. *အထဲသို့* (ရောမ ၅း၂၁ ၌ *တိုင်အောင်* ) သည် လမ်းဆုံးပန်းတိုင်ကို ဖော်ပြသည်။ ထာဝရအသက်သည် စီးဆင်းနေသော သုံးပါးတစ်ပါးဘုရား၏ လမ်းဆုံးပန်းတိုင်ဖြစ်သည်။ *အထဲသို့* သည် "ဖြစ်လာရန်" သို့မဟုတ် "ဖြစ်ရန်"ဟုလည်း ဆိုလိုသည်။

C. စီးဆင်းနေသော သုံးပါးတစ်ပါးဘုရား - ခမည်းတော်သည် အသက်၏စမ်းရေတွင်း၊ သားတော်သည် အသက်၏စမ်းရေနှင့် ဝိညာဉ်တော်သည် အသက်၏မြစ်ရေ- ကို မွေ့လျော်ဝမ်းမြောက်ခြင်းအားဖြင့် ကျွန်ုပ်တို့သည် အသက်၏မြို့တော်ဖြစ်သော ဘုရားသခင့် အသက်၏စုစုပေါင်းအဖြစ် ယေရုရှလင်မြို့သစ်ဖြစ်လာရန် ကျေးဇူးတော်ပေါ်များ ကြွယ်ဝခြင်းကို လက်ခံရရှိ ကြသည်။ ထို့ကြောင့် ကျွန်ုပ်တို့ အသက်၌စိုးစံခြင်း၏ ရလဒ်နှင့် ပြီးမြောက်ပြည့်စုံခြင်းသည် ဘုရားသခင့်ထာဝရစီမံကိန်း၏ တုနှိုင်းရာမဲ့သော၊ အဆုံးစွန်ဖြစ်သော ပန်းတိုင် - ယေရုရှလင်မြို့သစ် ဖြစ်သင့်ပါသည်။